POLICY
BRIEFING

BURMA NEWS INTERNATIONAL

# စစ်အာဏာသိမ်းကာလ(၃)နှစ်ကျော်အတွင်းက မြန်မာ့သတင်းမီဒီယာလွတ်လပ်ခွင့်ကို ဆန်းစစ်ခြင်း

Burma News International
Policy Briefing Paper # 01

ဩဂုတ်လ ၂၀၂၄

# နိဒါန်း

သတင်းမီဒီယာလွတ်လပ်ခွင့်သည် ဒီမိုကရက်တစ်လူ့ဘောင်အဖွဲ့အစည်းထွန်းကားစေရန် အတွက် အခြေခံအုတ် မြစ်တစ်ခုဖြစ်သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ(၁)ရက် စစ်တပ် အာဏာသိမ်းယူလိုက်ခြင်းနှင့်အတူ လွတ်လပ် သောသတင်းမီဒီယာများအားနှိပ်ကွပ်ရန်အတွက် စစ်ကောင်စီက ရည်ရွယ်ချက်ရှိရှိဖြင့် စတင်လုပ်ဆောင်ခဲ့သည်။

မင်းအောင်လှိုင်ဦးဆောင်သည့် အာဏာသိမ်းစစ်ကောင်စီသည် သတင်းထောက်များအပါအဝင် အတိုက် အခံနိုင်ငံရေးသမားများနှင့်နိုင်ငံရေးတက်ကြွလှုပ်ရှားသူများကိုဦးတည်၍ တရားဥပဒေ မဲ့စွာဖမ်းဆီးခြင်းများကို စ တင်လုပ်ဆောင်ခဲ့ပြီး လွတ်လပ်စွာရေးသားထုတ်ဖော်ပြောဆိုခွင့်၊ သတင်းအချက်အလက်ရယူပိုင်ခွင့်နှင့်သတင်း စာလွတ်လပ်ခွင့်တို့ကိုပိတ်ပင်ရန် အာဏာသိမ်း ကာလအစောပိုင်းကပင် ကြိုးစားခဲ့သည်။

သတင်းအမှောင်ချရန် ပထမဦးဆုံးကြိုးပမ်းမှုအနေဖြင့်  ဆက်သွယ်ရေးလိုင်းများ၊ အင်တာ နက်လိုင်းများ ကို ဖြတ်တောက်ခြင်းနှင့်အတူ ဆိုရှယ်မီဒီယာသုံးစွဲမှုကိုဖြတ်တောက်ရန် စစ် ကောင်စီက ဆောင်ရွက်ခဲ့သည်။ ထို့ အပြင် မြန်မာ့ရုပ်မြင်သံကြားနှင့်မြဝတီရုပ်မြင်သံကြား ကဲ့သို့ နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် စစ်ကောင်စီအလိုကျ သတင်းများ၊ သတင်းမှားများနှင့် ဝါဒဖြန့်ချိရေးများကို ထုတ်လွှင့်ခဲ့သည်။ ထို့အတူ အွန်လိုင်းအခြေပြုလူမှုကွန် ရက်မီဒီယာများ တွင်လည်း စစ်တပ်ထောက်ခံသောအုပ်စုနှင့်သတင်းမီဒီယာအမည်ခံထားသူများက ဝါဒဖြန့်ချိ ရေး များကို ထုတ်လွှင့်ဖြန့်ချိနေသည်။

လွတ်လပ်သော သတင်းမီဒီယာများကို စစ်ကောင်စီက ဖိနှိပ်ထားသော်လည်း သတင်းသမား များသည် နိုင်ငံတစ်ဝန်းလုံးမှဆန္ဒပြမှုများအပါအဝင် စစ်ကောင်စီက ကျူးလွန်နေသော လူ့အခွင့်အရေးဆိုင်ရာချိုးဖောက်မှု များနှင့်အကြမ်းဖက်သတ်ဖြတ်ခံနေရမှုများကို သတင်း ပညာစံနှုန်းများဖြင့်ဘက်လိုက်မှုမရှိဘဲရေးသားခဲ့ကြသည်။

အာဏာသိမ်းကာလမှစတင်၍ ယနေ့အချိန်အထိ(၃)နှစ်ကျော်ကာလအတွင်း သတင်းမီဒီယာနယ်ပယ်၌ သတင်းလုပ်ငန်းလုပ်ကိုင်နေသူသတင်းသမား(၇)ဦး[1]သည် လုပ်ငန်းခွင်အတွင်း အကြောင်းအမျိုးမျိုးဖြင့် အသတ်ခံရပြီး သေဆုံးခဲ့ရသည်။ သတင်းမီဒီယာဌာန(၁၅)ခု၏လိုင်စင်များကို စစ်ကောင်စီက ပိတ်သိမ်းခဲ့သည်။[2] သတင်း ဌာနများသို့ ဥပဒေမဲ့ဝင်ရောက်စီးနင်းခဲ့ပြီး သတင်းမီဒီယာသမားများနှင့်သတင်းလုပ်ငန်းလုပ်ကိုင်သူ ၁၇၀ နှင့်အ ထက်သည် (၃)နှစ်ကျော်ကာလအတွင်း ဖမ်းဆီးခံခဲ့ရသည်။ လက်ရှိကာလ၌ သတင်းမီဒီယာသမားနှင့်သတင်း လုပ်ငန်းလုပ်ကိုင်သူ(၅၂)ခန့်သည် အကျဉ်းထောင်များအတွင်း ဖမ်းဆီးခံထားရဆဲဖြစ်သည်။

နယ်စည်းမခြားသတင်းသမားများအဖွဲ့(RSF)၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်ညွှန်းကိန်းအရ မြန်မာနိုင်ငံသည် နိုင်ငံပေါင်း(၁၈၀)အနက် အဆင့်(၁၇၁)၌ဖြစ်၍ အနီရောင်အဆင့်၊ အန္တရာယ်ရှိသောအဆင့်တွင် ရှိနေပြီး[3] သတင်းလွတ်လပ်ခွင့်အဆိုးဝါးဆုံးနိုင်ငံများစာရင်းတွင် ပါဝင်နေ[4]သည်။

# သတင်းသမားများ ဖမ်းဆီးခံရမှုနှင့် ပြစ်ဒဏ်ချခံရမှု အခြေအနေများ

သတင်းသမားများ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့(CPJ)၏ ၂၀၂၄ ခုနှစ် ဇန်နဝါရီလ(၁၈)ရက်၌ ထုတ်ပြန်သည့် အစီရင်ခံစာအရ မြန်မာနိုင်ငံသည် သတင်းသမားအကျဉ်းချခံရမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း သိရသည်။[5] မြန်မာနိုင်ငံ၏ရှေ့တွင် တရုတ်နိုင်ငံသည် သတင်းသမား

---

[1] CPJ | 2021-2024 | 5 Journalists Killed in Myanmar
https://cpj.org/data/killed/2024/?status=Killed&motiveConfirmed%5B%5D=Confirmed&type%5B%5D=Journalist&cc_fips%5B%5D=BM&start_year=2021&end_year=2024&group_by=location

[2] RFA Burmese | 30 Dec 2023 | မဲခေါင်သတင်းအေဂျင်စီကို စစ်ကောင်စီ လိုင်စင်ပိတ်သိမ်း
https://www.rfa.org/burmese/news/mekong-news-licensing-12302023005757.html

[3] RSF | 2024 Press Freedom Index |
https://rsf.org/en/index

[4] RFA Burmese | 3 May 2024 | သတင်းလွတ်လပ်ခွင့် အဆိုးဝါးဆုံးနိုင်ငံတွေထဲ မြန်မာ ပါဝင်နေ
https://www.rfa.org/burmese/news/freedom-press-05032024045834.html

[5] CPJ | 18 Jan 2024 | 2023 prison census: Jailed journalist numbers near record high; Israel imprisonments spike
https://cpj.org/reports/2024/01/2023-prison-census-jailed-journalist-numbers-near-record-high-israel-imprisonments-spike/

အကျဉ်းချထားမှု ပထမအများဆုံးအနေဖြင့် ရှိနေသော် လည်း မြန်မာနိုင်ငံနှင့်အရေအတွက် အားဖြင့် ကွာခြားလွန်းခြင်း မရှိသည်ကို တွေ့ရသည်။[6]

၂၀၂၁ အာဏာသိမ်းနောက်ပိုင်းမှ ယနေ့အထိ ဖမ်းဆီးခြင်း၊ ဖမ်းဝရမ်းထုတ်ခြင်း၊ ရိုက်နှက်ခြင်း နှင့် တရားစွဲဆိုခြင်း စသည့်ဖြစ်ရပ်ပေါင်း(၂၀၀)ကျော်ဖြစ်ပေါ်ခဲ့ပြီး သတင်းမီဒီယာသမား(၁၇၀) နှင့်အထက်သည် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသည်။ ယင်းတို့အနက် အချို့သည် ဖမ်းဆီးခံထားရစဉ် သေဆုံးခဲ့သည်။ ထိန်းသိမ်းခံထားရသူများ အနက် သတင်းမီဒီယာသမား(၅၀)ခန့်သည် မြန်မာနိုင်ငံရှိ အကျဉ်းထောင်အသီးသီးတွင် ထိန်းသိမ်းခံထားရဆဲဖြစ် သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၄ ခုနှစ် ဇူလိုင်လအတွင်း စစ်ကောင်စီ၏ဖမ်းဆီးထိန်းသိမ်းခံရသော သတင်းမီဒီယာအရေအတွက်မှာ အောက်ဖော်ပြပါဇယားအတိုင်းဖြစ်သည်။

| စဉ် | အခြေအနေ | အရေအတွက် | အမျိုးသား | အမျိုးသမီး |
|---|---|---|---|---|
| ၁။ | ဖမ်းဆီးထိန်းသိမ်းခံခဲ့ကြရသူ သတင်းသမားများ | ၁၇၂ | ၁၄၄ | ၂၈ |
| ၂။ | အကျဉ်းချချုပ်နှောင်ခံထားရဆဲ သတင်းသမားများ | ၅၂ | ၄၅ | ၇ |

သတင်းမီဒီယာသမားများအား တရားစွဲဆိုသော ဥပဒေပုဒ်မများမှာ ရာဇဝတ်မှုဖြစ်သည့် **ရာဇသတ်ကြီး ပုဒ်မ - ၅၀၅ - က၊ ၅၀၅ - ခ၊ ပုဒ်မ - ၁၂၄ - က၊ မတရားအသင်းဆက်သွယ်မှု ဥပဒေ ပုဒ်မ - ၁၇(၁)၊ ဆက်သွယ် ရေးဥပဒေပုဒ်မ - ၆၆(ဃ)၊ လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေ၊ ပို့ကုန်သွင်းကုန်ဥပဒေ၊ ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများပုဒ်မ - (၅)၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေ ပုဒ်မ - ၂၇ နှင့် အကြမ်းဖက်မှုတိုက် ဖျက်ရေးဥပဒေ ပုဒ်မများ** အစရှိသည်တို့ဖြစ်သည်။ ယင်းဥပဒေပုဒ်မများအနက် **အများဆုံးအသုံးပြုခဲ့သော ဥပဒေ ပုဒ်မများမှာ ၅၀၅ - က၊ ၅၀၅ - ခ နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မများ** ဖြစ်သည်။

[6] VOA Burmese | 19 Jan 2024 | စစ်ကောင်စီလက်ထက် မြန်မာ့သတင်းလွတ်လပ်ခွင့်အခြေအနေ https://burmese.voanews.com/a/7446863.htm

| စဉ် | အမည် | တရားစွဲဆိုခံရသောအမှုများ | ချမှတ်ခံရသည့် ပြစ်ဒဏ် |
|---|---|---|---|
| ၁။ | ရှင်ဒေဝီ | အကြမ်းဖက်ပုဒ်မ - ၅၂ (ည) | ထောင်တစ်သက် |
| ၂။ | စိုင်းဇော်သိုက် (ခ) စိုင်းဇော် | ၁၂၄၊ ၅၀၅ - က၊ ၆၆(ဃ)၊ သဘာဝဘေးအန္တရာယ် ဆိုင်ရာစီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ - ၂၇ | ထောင်ဒဏ်(၂၀)နှစ် |
| ၃။ | အောင်ဆန်းဦး | အကြမ်းဖက်ပုဒ်မ - ၅၀ (က) | ထောင်ဒဏ်(၂၀)နှစ် |
| ၄။ | မျိုးမြင့်ဦး | အကြမ်းဖက်ပုဒ်မ - ၅၀ (ည)၊ ၅၂(က)(ခ) | ထောင်ဒဏ်တစ် သက်တစ်ကျွန်း |
| ၅။ | ကိုမျိုးစံစိုး | အကြမ်းဖက်ပုဒ်မ - ၅၀ (ည) | ထောင်ဒဏ်(၁၅)နှစ် |
| ၆။ | မူးရတနာခက်မိုမိုထွန်း | ၅၀၅ - က၊ ၅၀(ည) | ထောင်ဒဏ်(၁၃)နှစ် |
| ၇။ | စည်သူအောင်မြင့် | ၅၀၅ - က၊ ၁၂၄ - က | ထောင်ဒဏ်(၁၂)နှစ် |
| ၈။ | ငြိမ်းချမ်းဝေ | ၅၀၅ - က၊ ၁၂၄(ဂ) | ထောင်ဒဏ်(၁၁) နှစ်(၃)လ |
| ၉။ | မဝေဝေလွင် | အကြမ်းဖက်ပုဒ်မ - ၅၀ (ည) | ထောင်ဒဏ်(၁၀)နှစ် |
| ၁၀။ | ကိုသူရိန်ကျော် | အကြမ်းဖက်ပုဒ်မ - ၄၉ (က) | ထောင်ဒဏ်(၁၀)နှစ် |
| ၁၁။ | ကိုခိုင်မြင့်ထွန်း (ခ) ရွှေလင်းသစ် | အကြမ်းဖက်ပုဒ်မ - ၅၁ (ဂ) | ထောင်ဒဏ်(၁၀)နှစ် |

ပုဒ်မများမှာ ၅၀၅ - က၊ ၅၀၅ - ခ နှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မများ ဖြစ်သည်။ ထိုသို့ပုဒ်မများဖြင့် တရားစွဲဆိုရာတွင် အမြင့်ဆုံးပြစ်ဒဏ်များကို ချမှတ်ခဲ့သည်။ ထိုသို့အမြင့်ဆုံးပြစ် ဒဏ်များကို ချမှတ်ခံခဲ့ရသူများမှာ အောက်ဖော်ပြပါဇယားအတိုင်းဖြစ်သည်။

ဥပဒေပုဒ်မအမျိုးမျိုးဖြင့် စစ်ကောင်စီက တရားစီရင်ရာ၌ အချို့သောအမှုများတွင် ရှေ့နေငှားရမ်းခွင့်မရ ခြင်း၊ ပြန်လည်ချေပခွင့်မရခြင်းနှင့် စစ်ခုံရုံးအသုံးပြု၍ တရားစီရင်ခြင်းများကို ပြုလုပ်ခဲ့ပြီး သတင်းမီဒီယာလုပ် ငန်းလုပ်ကိုင်ခြင်းနှင့် လုပ်ငန်းခွင်အတွင်း သတင်းလုပ်ငန်းလုပ်ကိုင်နေစဉ်အတွင်း ဖမ်းဆီးခံရသူများကို ရာဇဝတ် မှုများဖြင့် မတရားအကျဉ်းချထားခဲ့ခြင်းဖြစ်သည်။ အကျဉ်းထောင်အတွင်း အကျဉ်းချခံထားရသူများနှင့် အမြင့် ဆုံးပြစ်ဒဏ်ချမှတ်ခံထားရသူများအနက်မှ **(၁) DMG သတင်းထောက် ကိုထက်အောင်နှင့် ရုံးဝန်ထမ်း ကိုစိုးဝင်းအောင်၊ (၂) မှတ်တမ်းရုပ်ရှင်ဒါရိုက်တာ ရှင်ဒေဝီ၊ (၃) ဓာတ်ပုံသတင်းထောက် စိုင်းဇော်သိုက်နှင့် (၄) ရုပ်သံသ တင်းထောက် မှူးရတနာခက်မို့မို့ထွန်း**တို့၏ဖြစ်စဉ်အကျဉ်းကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

## ၁။ DMG သတင်းထောက် ကိုထက်အောင်နှင့် ရုံးဝန်ထမ်း ကိုစိုးဝင်းအောင်

Development Media Group, DMG ၏ သတင်းထောက်ကိုထက်အောင်နှင့် ရုံးဝန်ထမ်း ကိုစိုးဝင်း အောင်တို့နှစ်ဦးအား စစ်ကောင်စီ၏စစ်တွေမြို့နယ်တရားရုံးက အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)ဖြင့် ၂၀၂၄ ခုနှစ် ဇွန်လ(၂၈)ရက်၌ အလုပ်နှင့်ထောင်ဒဏ်(၅)နှစ် ချမှတ်ခဲ့သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ(၂၉)ရက်နေ့ နံနက်ပိုင်း၌ စစ်တွေမြို့ ဝက်ဘာကွင်းရှိ ဆွမ်းတော်ကြီးလောင်းပွဲကို သ တင်းရယူနေစဉ် စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီး ကင်မရာများနှင့် ဘဏ်စာအုပ်များအပါအဝင်ပစ္စည်းများ အားသိမ်းယူ၍ ရုံးခန်းကို ချိတ်ပိတ်ခဲ့သည်။ ထို့အပြင် ရုံးဝန်ထမ်းဖြစ်သူ ကိုစိုးဝင်းအောင်ကိုလည်း ဖမ်းဆီးခဲ့သည်။[7]

7 Development Media Group | 28 June 2024 | DMG သတင်းဌာနမှ သတင်းထောက် ကိုထက်အောင်နှင့် ရုံးဝန်ထမ်း ကိုစိုး ဝင်းအောင်တို့ကို စစ်ကောင်စီက ထောင်ဒဏ်(၅)နှစ်စီ ချမှတ်မှုအပေါ် ကန့်ကွက်ရှုတ်ချခြင်း https://www.dmgburmese.com/%E1%80%9E%E1%80%90%E1%80%84%E1%80%BA%E1%80%B8/dmg-reporter-security-guard.html

## ၂။ မှတ်တမ်းရုပ်ရှင်ဒါရိုက်တာ ရှင်ဒေဝီ

‘ရှင်ဒေဝီ’သည် ထင်ရှားသောမှတ်တမ်းရုပ်ရှင်ဒါရိုက်တာတစ်ဦးဖြစ်သလို အလွတ်တန်းသတင်းစာဆရာ မတစ်ဦးလည်းဖြစ်သည်။ ‘ရှင်ဒေဝီ’ကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ(၂)ခုဖြင့် စစ်ကောင်စီ၏ အင်းစိန်ထောင်တွင်းရှိ မြောက်ဥက္ကလာပမြို့နယ်စစ်ခုံရုံးက ၂၀၂၄ ခုနှစ် ဇန်နဝါရီလ(၁၀)ရက်နေ့၌ ထောင် ဒဏ်တစ်သက် ချမှတ်ခဲ့သည်။ ‘ရှင်ဒေဝီ’အား စွဲဆိုခဲ့သောအမှုအတွက် ရှေ့နေဖြင့် ပြန်လည်ထုချေခွင့်မ ရရှိခဲ့သည့်အပြင် တရားစီရင်စဉ်အတွင်း မိသားစုဝင်များနှင့်လည်း တွေ့ဆုံခွင့် မရှိခဲ့ပါ။ ၂၀၂၃ ခုနှစ် အောက်တိုဘာလ(၁၅)ရက်နေ့၌ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်တွင် အွန်လိုင်းပေါ်မှမှာယူထား သော ရိုက်ကူးရေးဒရုန်းကို သွားရောက်ယူဆောင်စဉ် ‘ရှင်ဒေဝီ’ကို ဖမ်းဆီးခဲ့ပြီး အသက်(၅၀)အရွယ်ရှိ သူ့ကို စစ်ကြောရေး၌ နှစ်ပတ်ကြာစစ်ဆေးစဉ် ရိုက်နှက်ခြင်းခံခဲ့ရသည်။[8]

## ၃။ ဓာတ်ပုံသတင်းထောက် စိုင်းဇော်သိုက်

Myanmar Now ဓာတ်ပုံသတင်းထောက် စိုင်းဇော်သိုက်အား မိုခါမုန်တိုင်းဘေးဒဏ်ကျရောက်နေသည့် ရခိုင်ပြည်နယ်အတွင်းအခြေအနေများကို သတင်းမှတ်တမ်းရယူနေစဉ် ၂၀၂၃ ခုနှစ် မေလ(၂၃)ရက်၌ စစ် တွေမြို့တွင် စစ်ကောင်စီက ဖမ်းဆီးလိုက်သည်။ စိုင်းဇော်သိုက်အား ပုဒ်မ(၄)ခုဖြင့် တရားစွဲဆိုခဲ့ပြီး ၂၀၂၃ ခုနှစ် စက်တင်ဘာလ(၆)ရက်၌ အလုပ်ကြမ်းနှင့်ထောင်ဒဏ် နှစ်(၂၀)ချမှတ်ခဲ့သည်။ စိုင်းဇော်သိုက် ကို ရခိုင်ပြည်နယ်၊ စစ်တွေမြို့နှင့် ရန်ကုန်မြို့တို့ရှိ စစ်ကြောရေးစခန်းများတွင် တစ်ပတ်ကျော်ကြာ စစ်ဆေးခဲ့ပြီးနောက် စစ်ခုံရုံးက အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ တရားဥပဒေအရ ပြန်လည်ချေပခွင့်နှင့် ရှေ့နေ လိုက်ခွင့်များမရှိပါဘဲ အင်းစိန်ထောင်တွင်းတရားရုံးက ပထမဆုံးအကြိမ်ရုံးချိန်းတွင်ပင် ပြစ်ဒဏ်ချခဲ့ ကြောင်း သိရသည်။[9]

[8] VOA Burmese | 11 Jan 2024 | မှတ်တမ်းရုပ်ရှင်ဒါရိုက်တာ ရှင်ဒေဝီ ထောင်တသက်ပြစ်ဒဏ်ချခံရ https://burmese.voanews.com/a/shin-daewe-shin-daewe-documantary-director-and-journalist-sentenced-for-life/7434688.html

[9] Myanmar Now | 6 Sep 2023 | Myanmar Now ဓာတ်ပုံသတင်းထောက်ကို စစ်ကောင်စီ ထောင်နှစ်(၂၀)ချ https://myanmar-now.org/mm/news/41606/

### ၄။ ရုပ်သံသတင်းထောက် မှူးရတနာခက်မိုမို့ထွန်း

ရုပ်သံသတင်းထောက် မှူးရတနာခက်မိုမို့ထွန်းသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ(၅)ရက်၌ ရန်ကုန်မြို့ ကြည့် မြင်တိုင်မြို့နယ်၊ ပန်းပင်ကြီးလမ်းဆန္ဒထုတ်ဖော်ပွဲ သတင်းရယူနေစဉ်၌ ကားဖြင့်တိုက်၍ ဖမ်းဆီးမှုတွင် ပါဝင်ဖမ်းဆီးခံခဲ့ရသည်။ ကားဖြင့်တိုက်၍ ဖမ်းဆီးခံရခြင်းကြောင့် အသက်သေဆုံးစေနိုင်သည်အထိ ပြင်းထန်သောဒဏ်ရာများ ရရှိခဲ့သည်။ မှူးရတနာခက်မိုမို့ထွန်းအား ဖမ်းဆီးပြီးချိန်တွင် ရာဇသတ်ကြီးပုဒ် မ ၅၀၅ - က ဖြင့် တရားစွဲဆို၍၂၀၂၂ ခုနှစ် ဒီဇင်ဘာလ၌ ထောင်ဒဏ်(၃)နှစ် ချမှတ်ခဲ့သည်။ ထို့နောက် ၂၀၂၃ ခုနှစ် မေလ(၂၆)ရက်တွင် ထပ်တိုးအမှုအဖြစ် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၀(ည) ကိုတိုး၍ သဃ်န်းကျွန်းခရိုင်တရားရုံးက အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ် ချမှတ်ခံခဲ့ရပြီး စုစုပေါင်းထောင် ဒဏ်(၁၃)နှစ် ကျခံနေရသည်။ မှူးရတနာခက်မိုမို့ထွန်းသည် Myanmar Pressphoto Agency, MPA မှ ရုပ်သံသတင်းထောက်တစ်ဦးဖြစ်သည်။[10]

# သတင်းမီဒီယာသမားများအပေါ် စစ်တပ်က ပြုစ်မှုကျူးလွန်နေမှု အလေ့အထဖြစ်နေခြင်း

၂၀၂၁ ခုနှစ် အာဏာသိမ်းပြီးနောက် စစ်ကောင်စီကြောင့် သေဆုံးခဲ့သူများတွင် သတင်းမီဒီယာသမားများလည်း ပါ ဝင်ခဲ့သည်။ ပြုစုနိုင်ခဲ့သော မှတ်တမ်းများအရ သတင်းမီဒီယာသမား(၇)ဦးသည် သတင်းလုပ်ငန်းလုပ်ကိုင်နေစဉ် အတွင်း အသက်ဆုံးရှုံးခဲ့ကြရသည်။ အသက်ဆုံးရှုံးခဲ့ကြရသောဖြစ်စဉ်များ မတူညီကြသော်လည်း လုပ်ငန်းခွင်အ တွင်း မတော်တဆသေဆုံးရခြင်းမဟုတ်ဘဲ လူကိုသေစေသည့် ရာဇဝတ်မှုမြောက်သော ကျူးလွန်မှုများဖြစ်နေ သည်ကို တွေ့ရသည်။ အဆိုပါ ကျူးလွန်သောရာဇဝတ်မှုများအတွက် ကျူးလွန်သူများသည် လွတ်မြောက်နေပြီး အလေ့အထတစ်ခုကဲ့သို့ ဖြစ်လာနေသည်။ ထို့ကြောင့် စစ်ကောင်စီ၏ ကျူးလွန်မှုကြောင့် သေဆုံးခဲ့သူ(၇)ဦးဖြစ် စဉ်အကျဉ်းကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

---

[10] MPA | 26 May 2023 | MPA သတင်းထောက်မမှူးရတနာခက်မိုမို့ထွန်း ၅၀(ည)ဖြင့် ထောင်ဒဏ်(၁၀)နှစ်ချမှတ်ခံရ https://mpapress.com/သတင်း/21897/

## ၁။ ဓာတ်ပုံသတင်းထောက် ကိုစိုးနိုင်

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၁ ခုနှစ် ဒီဇင်ဘာလ(၁၀)ရက်နေ့က ဆင်နွှဲခဲ့သော ‘အသံတိတ်သပိတ် (Silent Strike)’သတင်းဓာတ်ပုံများအား ရန်ကုန်မြို့ လသာမြို့နယ်၌ အလွတ်တန်း ဓာတ်ပုံသတင်း ထောက်ကိုစိုးနိုင်က ရိုက်ကူးနေခဲ့သည်။ ထိုသို့ရိုက်ကူးနေစဉ်၌ စစ်ကောင်စီ၏လုံခြုံရေးအဖွဲ့များက ကိုစိုးနိုင်အားဖမ်းဆီးခဲ့ပြီး စစ်ကြောရေးသို့ ပို့ခဲ့သည်။ စစ်ကြောရေးသို့ပို့၍ ညှင်းပန်းနှိပ်စက်စစ်ဆေးမေး မြန်းစဉ်တွင် ကိုစိုးနိုင်သည် အသက်ဆုံးရှုံးခဲ့ရသည်။

ကိုစိုးနိုင်အသတ်ခံရ၍ သေဆုံးချိန်၌ ဇနီးနှင့်အတူ အသက်(၅)နှစ်မပြည့်သေးသော သားတစ်ဦး ကျန်ရစ်ခဲ့သည်။ စစ်ကောင်စီသည် ကိုစိုးနိုင်အား သတ်ဖြတ်သည့်အပြင် မိသားစုပိုင်ဆိုင်သော ရန်ကုန် မြို့ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်အတွင်းရှိ နေအိမ်ကိုလည်း ၂၀၂၂ ခုနှစ် မတ်လ(၃)ရက်နေ့တွင် ချိတ်ပိတ်ခဲ့သည်။ ထို့အပြင် အခြားသော ခြိမ်းခြောက်မှုများကိုလည်း မိသားစုဝင်များက ကြုံတွေ့ခံစား နေကြရသည်။[11]

## ၂။ ချင်းသတင်းအယ်ဒီတာ ပူးသွိဒင်း (Pu Tuidim)

ပူးသွိဒင်းသည် နိုင်ငံတကာမြန်မာ့သတင်း(BNI)အား စတင်တည်ထောင်ခဲ့သည့်အချိန်တွင် ပါဝင်ခဲ့သူဖြစ် ပြီး ခိုနွမ်သုန်(Khonumthung)သတင်းဌာနတွင်လုပ်ကိုင်နေသော သတင်း အယ်ဒီတာတစ်ဦးဖြစ်သည်။ ပူးသွိဒင်းကို စစ်ကောင်စီကဖမ်းဆီး၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ(၈)ရက်နေ့တွင် သတ်ဖြတ်ခဲ့သည်။ သတင်း အယ်ဒီတာပူးသွိဒင်းသည် ၂၀၂၂ ခုနှစ် ဇန်နဝါရီ(၆)ရက်နှင့်(၇)ရက်နေ့များတွင် ချင်းပြည်နယ်၊ မတူ ပီမြို့နယ်၊ ကီးလုန်းနှင့် လုံလှော ကျေးရွာအကြားရှိ မတူပီ-ဟားခါးကားလမ်းပေါ်တွင် အရပ်သား(၁၁)ဦး နှင့်အတူ ခရီးသွားနေစဉ်၌ ဖမ်းဆီးခံခဲ့ရသည်။ ထို့နောက် စစ်မြေပြင်သို့ လူသားဒိုင်းအဖြစ်ခေါ် ဆောင်သွားခြင်းခံခဲ့ရပြီးနောက် အသတ်ခံခဲ့ရခြင်းဖြစ်သည်။[12] ရှေ့ပြေးအသံ(Progressive Voice)အဖွဲ့၏ဖော် ပြချက်အရ စစ်ကောင်စီတပ်ဖွဲ့ဝင်တပ်သားများသည် သတင်း

---

[11] BBC Burmese | 30 Aug 2023 | ကိုစိုးနိုင် - ဓာတ်ပုံရိုက်လို့ လက်စဖျောက် ခံရသူ
https://www.bbc.com/burmese/articles/cp3r614eln5o

[12] BNI | 13 Jan 2022 | BNI တည်ထောင်သူတစ်ဦးဖြစ်သည့် ဝါရင့်ချင်းသတင်းအယ်ဒီတာ ပူးသွိဒင်း(Pu Tuidim) သေဆုံးမှုအတွက် ထုတ်ပြန်ချက် |
https://www.bnionline.net/mm/news-87770

အယ်ဒီတာပူးသို့ဒင်း၏ လျှာနှင့်မေးစေ့တို့ ကို ဖြတ်ပစ်ပြီးနောက် လည်ပင်းကို ဓားဖြင့်ဖြတ်၍ ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိ ရသည်။[13]

## ၃။ ဓာတ်ပုံဆရာ အေးကျော်

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့ အောင်ချမ်းသာရပ်ကွက်တွင်နေထိုင်သော ဓာတ်ပုံဆရာအေး ကျော်သည် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခြင်းဖြင့် အသက်မွေးနေသူတစ်ဦးဖြစ်သည်။ သူသည် နွေဦးတော် လှန်ရေးလူထုဆန္ဒပြပွဲများကို မှတ်တမ်းဓာတ်ပုံရိုက်ကူးနေခဲ့သူတစ်ဦးလည်း ဖြစ်သည်။ ယင်းကြောင့် ၂၀၂၂ ခုနှစ် ဇူလိုင်လ(၃၀)ရက်နေ့ နံနက်(၂)နာရီ၌ စစ်ကောင်စီတပ်ဖွဲ့ဝင်များက လာရောက်ဖမ်းဆီးခဲ့ကြ သည်။ ထိုသို့ဖမ်းဆီးပြီးနောက် ဓာတ်ပုံဆရာ အေးကျော်အား စစ်ကောင်စီတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ ပြီး ရုပ်အလောင်းကို လမ်းဘေး၌ စွန့်ပစ်ထားခဲ့သည်။[14]

## ၄။ သတင်းထောက် စိုင်းဝင်းအောင် (ခ) အေစိုင်းကေ

အေစိုင်းကေ (ခ) စိုင်းဝင်းအောင်သည် ဖက်ဒရယ်သတင်းဂျာနယ်၏အယ်ဒီတာတစ်ဦးဖြစ်သည်။ ကရင် ပြည်နယ်၊ လေးကေ့ကော်ဒေသရှိ တိုက်ပွဲများကြောင့် စစ်ဘေးဒုက္ခရင်ဆိုင်နေရသူများအကြောင်းသ တင်းရယူနေစဉ် စစ်ကောင်စီက ပစ်လိုက်သော လက်နက်ကြီးကျည်ထိမှန်ပြီး ၂၀၂၁ ခုနှစ် ဒီဇင်ဘာ(၂၅) ရက်တွင် သေဆုံးသွားခဲ့သည်။[15]

## ၅။ သတင်းထောက် မြတ်သူထွန်း (ခ) ဖိုးသီဟ

'မြတ်သူထွန်း(ခ)ဖိုးသီဟ'သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့အခြေစိုက် သတင်းထောက်တစ်ဦးဖြစ်သည်။ သူသည် ဒီဗွီဘီ၊ သည်ဗွိုက်၊ ဆဲဗင်းဒေးနှင့် ရခိုင်ပြည်နယ်အခြေစိုက် သတင်းဌာနအချို့တွင် သတင်းရေး သားခဲ့သူဖြစ်သည်။ 'မြတ်သူထွန်း(ခ)ဖိုးသီဟ'ကို ၂၀၂၂

[13] Progressive Voice | 19 Jan 2022 | စစ်ကောင်စီတပ်က သတင်းထောက် ပူးသို့ဒင်းရဲ့ လျှာ၊ လက်ချောင်းနဲ့ လည်ပင်းကိုလှီးကာ သတ်ဖြတ်ခဲ့ | https://progressivevoicemyanmar.org/2022/01/19/စစ်ကောင်စီတပ်က-သတင်းထော/

[14] People's Spring | 31 July 2022 | စစ်ကိုင်းက ဓာတ်ပုံဆရာတစ်ဦးကို စစ်ကောင်စီတပ် ဖမ်းဆီးသတ်ဖြတ် https://www.ludunwayoo.com/news-mm/2022/07/31/46171/

[15] VOA Burmese | 6 Jan 2022 | သတင်းထောက် စိုင်းဝင်းအောင် လေးကေ့ကော်မှာ သေဆုံးရမှု UNESCO ရှုတ်ချ https://burmese.voanews.com/a/journalist-sai-win-aung-killed-military-coup-whatishappening inmyanmar-voa-/6385091.html

ခုနှစ် စက်တင်ဘာလ၌ ရခိုင်ပြည်နယ်၊ မြောက် ဦးမြို့တွင် ပုဒ်မ - ၅၀၅ - က ဖြင့် စစ်ကောင်စီက ဖမ်းဆီးခဲ့ပြီးနောက် သတ်ဖြတ်ခဲ့ကြောင်း၊ သူ့ခန္ဓာ ကိုယ်ပေါ်တွင် ကျည်ဆံရာနှင့်အတူ ညှင်းပန်းနှိပ်စက်ထားသော ဒဏ်ရာများကိုလည်း တွေ့ရှိခဲ့ကြောင်း နှင့် မြတ်သူထွန်း(ခ)ဖိုးသီဟ၏ရုပ်အလောင်းကို အခြားသောအဖမ်းခံရထားသူများ၏ သေဆုံးရုပ်အ လောင်းများနှင့်အတူ စစ်ကောင်စီခြေမြန်တပ်ရင်း(၃၇၈)၏ဗုံးခိုကျင်းတစ်ခု၌ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် အာရက္ခတပ်တော်(AA)က တွေ့ရှိခဲ့ခြင်းဖြစ်သည်။[16]

## ၆။ အလွတ်တန်းသတင်းထောက် ကိုထက်မြတ်သူ

'ကိုထက်မြတ်သူ'သည် အလွတ်တန်းသတင်းထောက်တစ်ဦးဖြစ်သည်။ ၂၀၂၄ခုနှစ် ဩဂုတ်လ(၂၁)ရက် နံနက်(၉)နာရီ၌ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ လက်ပြကျေးရွာ၊ ဓမ္မဒူတဘုန်းကြီးကျောင်းဘေးလမ်းရှိ ယင်းမိသားစုပိုင်ခြံဝန်းအတွင်း စစ်ကောင်စီ၏ ပစ်ခတ်ဖမ်းဆီးခြင်းခံခဲ့ရသည်။ 'ကိုထက်မြတ်သူ'အား နောက်ပြန်ကြိုးတုတ်၍ ကျိုက်ထိုမြို့နယ်၊ တောင်ကလေးကျေးရွာအနီးရှိ စစ်ကောင်စီတပ်မ(၄၄)ဌာန ချုပ်အတွင်း စစ်ကောင်စီတပ်ဖွဲ့ဝင်များက ခေါ်ဆောင်ခဲ့ကြပြီးနောက် ဩဂုတ်လ(၂၁)ရက်နေ့တွင် သေဆုံးခဲ့ခြင်းဖြစ်သည်။[17]

## ၇။ အလွတ်တန်းသတင်းထောက် ကိုဝင်းထွဋ်ဦး (ခ) ဖိုင်ဇယ်

'ကိုဝင်းထွဋ်ဦး (ခ) ဖိုင်ဇယ်'သည် လွတ်လပ်သောဒီမိုကရက်တစ်အသံ(DVB)မှ ဒေသအခြေစိုက် အ လွတ်တန်းသတင်းထောက် ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဩဂုတ်လ(၂၁)ရက်နေ့၌ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ လက်ပြကျေးရွာ၊ ဓမ္မဒူတဘုန်းကြီးကျောင်းလမ်းတွင် သတင်းထောက်'ကိုထက်မြတ်သူ'နှင့်အတူ နေအိမ်အတွင်းသို့ ဝင်ရောက်စီးနင်းပစ်ခတ်ဖမ်းဆီးခံရစဉ် ကျည်သင့်ဒဏ်ရာများဖြင့် သေဆုံးခဲ့သည်။[18]

---

[16] Narinjara News | 24 Feb 2024 | သတင်းထောက်ဟောင်း ကိုမြတ်သူထွန်း(ခ)ဖိုးသီဟအား စစ်ကောင်စီက ဖမ်းဆီးသတ်ဖြတ် အလောင်းဖျောက်ခြင်းအပေါ် UNESCO၊ RSF၊ CPJ အပါအဝင် IMJA ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချ
https://burmese.narinjara.com/local-news/detail/65d9c7f83d3b8f5273acaf0d

[17] RFA Burmese | 22 August 2024 | ကျိုက်ထိုမှာ သတင်းသမားနှစ်ဦးအပါအဝင် လေးဦးအသတ်ခံရ | https://www.rfa.org/burmese/news/junta-shooting-journalists-died-08222024090525.html

[18] VOA Burmese | 30 August 2024 | သတင်းထောက် ၂ ယောက်သတ်ဖြတ်ခံရမှု UNESCO ပြစ်တင် | https://burmese.voanews.com/a/unesco-myanmar-journalist/7765275.html

# အင်တာနက်များဖြတ်တောက်ခံရခြင်းနှင့် သတင်းထုတ်လုပ်မှုအပေါ် ရိုက်ခတ်မှုများ

၂၀၂၁ ခုနှစ် အာဏာသိမ်းသည်မှစ၍ ယနေ့အချိန်အထိ မြန်မာနိုင်ငံတစ်ဝန်းလုံး၌ စစ်ကောင်စီ၏အင်တာနက်ဖြတ် တောက်မှုအကြိမ်(၃၀၀)နီးပါးရှိခဲ့ပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အင်တာနက်ဖြတ်တောက်မှု(၆)ကြိမ်တိတိရှိ ခဲ့သည်။[19] မြန်မာအင်တာနက်ပရောဂျက်၏ဖော်ပြချက်အရ စစ်ကိုင်းတိုင်းဒေသကြီးတွင်(၈၆)ကြိမ်နှင့် ကချင် ပြည်နယ်တွင်(၃၃)ကြိမ် စစ်ကောင်စီက အင်တာနက်ဖြတ်တောက်ခဲ့ကြောင်းသိရပြီး အနည်းဆုံးအကြိမ် အင်တာနက်ဖြတ်တောက်ခံခဲ့ကြရသော ရန်ကုန်တိုင်းဒေသကြီးနှင့်ရောဝတီတိုင်းဒေသကြီးတို့တွင်ပင် အင်တာနက်ဖြတ် တောက်ခံရမှု(၆)ကြိမ်ရှိခဲ့ကြောင်းနှင့် ကျန်ဒေသများတွင် ပျမ်းမျှအားဖြင့်(၁၀)ကြိမ်နှင့်အထက် အင်တာနက်ဖြတ် တောက်ခံခဲ့ကြရကြောင်း သိရသည်။[20] စစ်ရေးပဋိပက္ခမြင့်မားသောနေရာများတွင် အင်တာနက်ဖြတ်တောက်မှု ပိုမိုခံရခြင်းကြောင့် စစ်ကောင်စီသည် သတင်းစီးဆင်းမှုနှင့်သတင်းအမှောင်ချရန်ရည်ရွယ်ကြောင်း သိသာထင် ရှားသည်။ ထိုသို့ဆက်သွယ်ရေးလိုင်းများ ဖြတ်တောက်ခံရခြင်းကြောင့် သတင်းထုတ်လုပ်မှုနှင့်သတင်းစီးဆင်းမှု များအပေါ်သို့ ဆိုးကျိုးများ တိုက်ရိုက်သက်ရောက်စေပြီး အများပြည်သူအတွက် သတင်းစီးဆင်းမှုနှင့်တိကျခိုင် မာသော သတင်းအချက်အလက်များရရှိနိုင်ရေးကို ခက်ခဲစေသည်။

# လွတ်မြောက်နယ်မြေအတွင်းရှိ သတင်းမီဒီယာလွတ်လပ်ခွင့် ပွတ်တိုက်မှုများ

၂၀၂၄ ခုနှစ် ဧပြီလ၌ လွတ်မြောက်နယ်မြေအတွင်းဖြစ်ခဲ့သော အခင်းအကျင်းအချို့သည် သတင်းမီဒီယာလွတ် လပ်ခွင့်အား ခြိမ်းခြောက်နိုင်ဖွယ်ရှိသောအခြေအနေများ ဖြစ်ခဲ့သည်။ ဧပြီလ(၁၆)

---

[19] Myanmar Internet Project | 2 July 2024 | အင်တာနက်ဖြတ်တောက်မှုနှင့် အင်တာနက်ဆက်သွယ်ရေး အခြေခံအဆောက်အုံများ ပျက်စီးမှုအခြေအနေအပေါ်လေ့လာချက် https://www.myanmarinternet.info/my/post/blog_17_internet_infrasturcture_shutdown

[20] Myanmar Internet Project | 2021 - 2024 | Internet Shutdown https://www.myanmarinternet.info/my/internet-shutdown

ရက်နေ့စွဲဖြင့် ကရင်နီပြည်နယ် ကြားကာလအုပ်ချုပ်ရေးကောင်စီ(IEC)ကထုတ်ပြန်ခဲ့သော ညွှန်ကြားချက်အမှတ်(၀၈/၂၀၂၄)၌ ကရင်နီပြည်နယ် အတွင်းသတင်းရယူရာတွင် 'ခွင့်ပြုချက်တောင်းခံရန်'နှင့်'ကျင့်ဝတ်နှင့်အညီသတင်းရေးသားရန်'ဟု ဖော်ပြ၍ သ တင်းမီဒီယာများကို ညွှန်ကြားခဲ့သည်။ ထို့အတူ ကရင်အမျိုးသားအစည်းအရုံး(KNU)ကလည်း ဧပြီလ(၂၁)ရက်နေ့စွဲဖြင့် သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ မူဝါဒများနှင့်ကျင့်ဝတ်စည်းကမ်းများထဲမှ ပြင်ပသတင်းဌာန များ လိုက်နာဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းကို အသီးသီး ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းညွှန်ကြားချက်နှင့်ထုတ်ပြန်ချက်များသည် သတင်းမီဒီယာလုပ်ငန်းသဘာဝနှင့် လွတ်လပ်ခွင့်အပေါ် လွှမ်းမိုးထိခိုက်နေပြီး တိုင်းရင်းသားအင်အားစုအချို့၏ သတင်းမီဒီယာအပေါ်သဘောထားအဖြစ် ရှုမြင်ခဲ့ကြ သည်။ သတင်းမီဒီယာသမားများ၏လုံခြုံမှုနှင့်လွတ်လပ်မှုစံနှုန်းများကို ကန့်သတ်ချုပ်ချယ်လာနိုင်သဖြင့် သတင်း မီဒီယာနှင့်သတင်းမီဒီယာသမားများအကြား စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။

ထို့ကြောင့် လွတ်လပ်သော မြန်မာသတင်းမီဒီယာကောင်စီ(IPCM)နှင့် လွတ်လပ်သော မြန်မာသတင်းစာ ဆရာများအစည်းအရုံး(IMJA)တို့က ကြေညာချက်များနှင့်အသိပေးအိတ်ဖွင့်ပေးစာများဖြင့် ထုတ်ပြန်တုံ့ပြန်ခဲ့ကြ သည်။[21] ထို့နောက် လွတ်လပ်သောမြန်မာသတင်းကောင်စီ(IPCM) နှင့် ကရင်အမျိုးသားအစည်းအရုံး(KNU)တို့ သည် ၂၀၂၄ ခုနှစ် ဩဂုတ်လ(၆)ရက်၌ တွေ့ဆုံခဲ့ကြပြီး သတင်းမီဒီယာကျင့်ဝတ်လိုက်နာရန်၊ သတင်းရယူခြင်း လွယ်ကူချောမွေ့စေရန်၊ သတင်းလွတ်လပ်ခွင့်စံနှုန်းအတိုင်း တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ခွင့်ပြုရန်၊ သတင်းမီ ဒီယာသမားများ၏လုံခြုံရေးကိစ္စများကို အလေးထားဆောင်ရွက်ရန်၊ သတင်းမီဒီယာဆိုင်ရာအငြင်းပွားမှုများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန်နှင့် သတင်းမီဒီယာသိနားလည်မှု မြှင့်တင်ရေးကိစ္စများကို ဆောင်ရွက်ရန် သဘော တူညီခဲ့ကြသည်ဟု ၂၀၂၄ ခုနှစ် ဩဂုတ်လ(၇)ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

---

21 VOA Burmese | 27 April 2024 | တိုင်းရင်းသား အင်အားစုတချို့ရဲ့ မီဒီယာသဘောထား IPCM တုံ့ပြန် https://burmese.voanews.com/a/7586960.html

# BNI (နိုင်ငံတကာမြန်မာ့သတင်း) ၏ အကြံပြုချက်များ

သတင်းမီဒီယာလွတ်လပ်ခွင့်အရေးအပါအဝင် တိုင်းရင်းမီဒီယာများနှင့်ဒေသန္တရမီဒီယာများ၏ ဖွံ့ဖြိုးတိုးတက် ရေး၊ ရေရှည်ရပ်တည်နိုင်ရေးနှင့် အရည်အသွေးပြည့်ဝသော အများပြည်သူ အကျိုးပြုသတင်းများ ထုတ်လုပ်နိုင် ရေးတို့အား အစဉ်တစိုက် လှုပ်ရှားဆောင်ရွက်နေသော အဖွဲ့အစည်းတစ်ခုအနေဖြင့် အောက်ပါအချက်များကို တိုက်တွန်းတောင်းဆိုလိုက်ပါသည်။

(က) သတင်းမီဒီယာသမားအား ဖမ်းဆီးနေခြင်းကို အမြန်ဆုံးရပ်တန့်ပြီး ဖမ်းဆီးထားသော သတင်းမီဒီ ယာသမားများနှင့် ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံထားရသော သတင်းမီဒီယာ သမားများကို အမြန်ဆုံးပြန် လွှတ်ပေးရန်။

(ခ) ဖမ်းဆီးခံထားရသော သတင်းမီဒီယာသမားအားလုံးကို အကျဉ်းထောင်များနှင့် စစ်ကြောရေးများ တွင် စိတ်ပိုင်း၊ ရုပ်ပိုင်းနှင့် လိင်ပိုင်းဆိုင်ရာအားဖြင့် အကြမ်းဖက်မှုများ သို့မဟုတ် ညှင်းပန်းနှိပ်စက်မှုများ မပြုလုပ်ရန်။

(ဂ) သတင်းမီဒီယာသမားများအပေါ် မတရားဖိနှိပ် တရားစွဲဆို ဖမ်းဆီးနိုင်ရန် ရည်ရွယ်ထုတ်ပြန်ထား သော အမိန့်နှင့်ဥပဒေများကို ပြန်လည်ရုပ်သိမ်းရန်။

(ဃ) လွတ်လပ်စွာ သတင်းရယူခွင့်၊ လွတ်လပ်စွာ သတင်းရေးသားဖော်ပြခွင့်နှင့် သတင်း အချက်အလက် သိရှိပိုင်ခွင့်များကို အကြမ်းဖက်သောနည်းလမ်းဖြင့် ပိတ်ပင်တားဆီး နေမှုများကို ရပ်တန့်ရန်။

(င) မြန်မာနိုင်ငံမှထွက်ပြေးတိမ်းရှောင်လာသော သတင်းမီဒီယာသမားများကို အိမ်နီးချင်း နိုင်ငံတို့က ဖမ်းဆီးခြင်းမပြုရန်နှင့် သတင်းမီဒီယာလုပ်ငန်းများ ကို ဆက်လက်လုပ်ကိုင် နိုင်ရန် သတင်းလွတ်လပ်ခွင့်ကို ရှေးရှု၍ ခွင့်ပြုပေးရန်။

(စ) မီဒီယာလွတ်လပ်ခွင့်နှင့် ရေရှည်ရှင်သန်ရပ်တည်နိုင်ရန်အတွက် လွတ်လပ်သောမီဒီယာများ၏အ ခန်းကဏ္ဍအား အသိအမှတ်ပြုကာ မီဒီယာများကို အထောက်အကူပေးနေသော အဖွဲ့အစည်းများက နည်းလမ်းသစ်များရှာဖွေရန်နှင့် မီဒီယာအခန်းကဏ္ဍကို လျစ်လျူရှုမထားရန်။

(ဆ) သတင်းအမှောင်ချရန်ရည်ရွယ်သော စစ်ကောင်စီ၏အင်တာနက်ဖြတ်တောက်ခြင်း၊ ဖုန်းလိုင်းများ ဖြတ်တောက်ခြင်းနှင့်လျှပ်စစ်မီးဖြတ်တောက်ခြင်းများကို ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချရန်။

(ဇ) အမျိုးသားညီညွတ်ရေးအစိုးရအပါအဝင် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများသည် လက် ရှိအချိန်တွင်သာမက အနာဂတ်ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးတွင်ပါ သတင်းမီဒီယာလွတ် လပ်ခွင့်၊ လွတ်လပ်ပွင့်လင်းသောမီဒီယာကဏ္ဍကို လေးစားတန်ဖိုးထားရန်နှင့် တိုင်းရင်းမီဒီယာ၊ ဒေသန္တရ မီဒီယာများ၏စံတန်ဖိုးနှင့်အခန်းကဏ္ဍတို့ကို မြှင့်တင်ပေးရန်။

BURMA NEWS INTERNATIONAL